## Screening date: 2024/03/23, Kingston, Jamaica

ကျွန်တော် အရုပ်ထဲမှာကြီးတယ်။ ဒါကြောင့် အရုပ်ထဲက ဇာတ်ပွဲနဲ့မစိမ်းဘူး။နောက်ပြီး နာမည်ကြီးမင်းသားမင်းသမီးတွေနဲ့ ခင်မင်ရင်နှီးခဲ့ဖူးတာကြောင့် ရိုက်ကွင်းတွေလဲရောက်ခဲ့ဘူးတယ်။ ဒီတော့ ဒီတေးပြဇာတ်ကို ရုပ်ရှင် Video အနေနဲ့ဖန်တီးရတဲ့ အဆင့်ဆင့်ကဘယ်လောက်ခက်ခဲမှာလဲဆိုတာမှန်းလို့ရတယ်။
အနုပညာအကြောင်းသိပေမဲ့ အနုပညာနဲ့အသက်မမွေးတဲ့ ဒါရိုက်တာကဖန်တီးပြီတော့၊ အနုပညာပါရမီပါပြီး တခြားလုပ်ငန်းတဲ့အသက်မွေးတဲ့ပညာရှင်တွေ၊ကျောင်းသားကျောင်းသူတွေ က သရုပ်ဆောင်တဲ့ ဒီ “နေသာတဲ့နေ့" တေးပြဇာတ်ရုပ်ရှင်က ဘာကြောင့်ဒီလောက် ရသစုံကိုပေးနိုင်ခဲ့တာလဲ။ သူတို့ရဲ့ အနုပညာကို နှလုံးသားခံစားချက်နဲ့ ဖန်တီးချယ်မှုန်းခဲ့ကြလို့ဖြစ်လိမ့်မယ်။

ဇာတ်လမ်းအဖွင့် Violin နဲ့စတဲ့ ဂီတသံက ကျွန်တော့ကို ဆွဲခေါ်သွားတယ်။ ကိုဟိန်းရဲ့ ကဟန်၊ မာန်နဲ့ ထန်က ပီဘိ ဇာတ်သမားကြီးလုံးလုံးပါဘဲ။ နေဝါ၊ Eaindra ၊ကိုကျော်၊ ကိုဂျက်၊ ကိုသုတ၊ Dr မူယာ၊ ကိုသိဒ္ဓိ၊ထန်းထန်း၊ မဥ္ဇူနဲ့အတူ အစ်မငယ်၊ ညီမငယ်တို့ရဲ့ အပြောအဆို အငိုအကတွေမှာ စီးမြောခဲ့မိတယ်။ အချိန်တိုအတွင်းမှာ ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ လိုင်ဇာ နဲ့ ရခိုင်ကိုရောက်ခဲ့တယ်။ ပင်လုံစာချုပ်နဲ့တကွ balkanization ဆိုတဲ့ဗဟုသုတကိုလည်းကြွယ်စေခဲ့တယ်။

"အမှန်တရားဆိုတာ၊ခါးနဲ့ထိုး ခါးကျိုး၊ လှံနဲ့ထိုးလှံကျိုး၊ ဘယ်တော့မှ မသေတဲ့အမျိုး"
"ကောင်းကင်မှာနေမရှိဘူး၊ ငါတို့ရဲ့အဆုပ်ထဲမှာလေမရှိဘူး၊ ဒါပေမဲ့ နှလုံးသားတော့ရှိတယ်၊ အဲဒီနှလုံးသားက အစစ်အစစ်အစစ်အစစ်............"
ပွဲတင်သံလို အထပ်ထပ်ကြားနေမိတယ်။

ပြဇာတ်အဆုံးမှာတော့၊ကျမ်းဂန်လာတဲ့နောအရသာရင်ထဲမှာကျန်နေရစ်ခဲ့တယ်။ သိမ်းထားမယ်။

**ချစ်ခဲ့တယ် -**အရွယ်ပေါင်းစုံရဲ့ နှလုံးသားနဲ့သရုပ်ဆောင်မှုကြောင့်။

**ရွှင်ခဲ့တယ် -** ကိုကျော်နဲ့ Eaindra တို့ရဲ့ ပန်းတွေနဲ့ဝေ (က မမေရဲ့ချစ်တဲ့သူငယ်လေ ကို သတိရစေတယ်။ So nostalgic!) မြူးကြွတဲ့အက အလှတွေကြောင့်။

**သနားခဲ့တယ် -** နေဝါနဲ့ ခင်ချို့မြတ်သူတို့ကို။

**တည်ကြားခဲ့တယ် -** နေဝါ၊ ကိုကျော်၊ကိုဂျက်၊ထန်းထန်းနဲ့ မဥ္ဇူတို့ရဲ့စကားလုံးတွေကြောင့်။

**ကြမ်းကြုတ် -** စကစရဲ့လုပ်ရပ်။

**ရဲဝံ့ခဲ့တယ် -** လူငယ်တွေရဲ့ စိတ်ဓါတ်ပြင်းပြမှုကြောင့်

**စက်ဆုပ်ခဲ့တယ် -** ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော်နဲ့ အာဇာနည်တွေကို ရက်စက်စွာသတ်ဖြတ်ခဲ့လို့။တော်လှန်ရေးကို နည်းမျိုးစုံနဲ့ထိုးခွဲဖို့ကြိုးစားလို့။

**ကြောက်ရွံ့ -** အဲဒါတော့မရှိခဲ့ပါဘူး၊မရှိခဲ့ခြင်းဟာလည်းရှိခြင်းရဲ့ ဆန့်ကျင်ဖက်မို့ အကြိုးဝင်ပါတယ်။

**အံ့သြခဲ့တယ် -** ဒီလောက်ခမ်းနား ပြီပြင်ကောင်းမွန်သပ်ရပ်တဲ့ ပြဇာတ်ကို ဒီလိုလူတွေကဖန်တီးနိုင်ခဲ့တယ်ဆိုတာကို။

" ဘယ်သူတဲ့လဲ .......

ပြောလိုက်စမ်း .......

ထပ်ပြောစမ်း ......."

J Donut
Jamaica